# အမြင်ကွဲ ရင်ထဲက စေတနာ



ဝဲမှယာ–အရှင်သီရိန္ဒ ၊ အရှင်ဂရုဓမ္မ ၊ အရှင်ဝိမလ ၊ အရှင်ကောသလ္လ ၊ ဒေါက်တာ ဓမ္မပီယ၊ ဦးဇောတာလင်္ကာရ ၊ ဦးတေဇဝန္တ ၊ တောင်ကုတ်ဆရာတော် ၊ အရှင်ကဝိန္ဒ ၊ အရှင်ဉာဏိက ၊ ဦးဇောတိက ၊ အရှင်သုမန နှင့် စစ်ကိုင်းစိမ်းစိမ်း

မေလ (၁၄) ရက်နေ့က အမေရိကန်နိုင်ငံ၊ ဖလော်ရီဒါပြည်နယ်မှာနေထိုင်တဲ့ စာရေးဆရာမကြီး စစ်ကိုင်းစိမ်းစိမ်း (စုဇန်သိန်း)က ထူးခြားတဲ့ ဓမ္မဒါန အလှူပွဲတစ်ခု ပြုလုပ်ပါတယ်။ နေရာက ဆန်ဖရန်စစ္စကိုဗေးဧရိယာ၊ ဖရီးမောင့်မြို့၊ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာမှာပါ။ အလှူပွဲသို့ ဟာ့မွန်းဗေးမြို့ ဓမ္မာနန္ဒဝိဟာရမှ ဆရာတော် ဦးဇောတာလင်္ကာရ နှင့် ဦးဇောတိက၊ ဒေလီစီးတီးမြို့ ရတနာဉာဏ်ရောင်ဆရာတော် ဦးတေဇဝန္တ၊ ကုသလကာရီကျောင်းမှ ဆရာတော် ဦးကောသလ္လနှင့် ဦးဂရုဓမ္မ၊ တောင်ပုလုကျောင်းမှ ဦးဝိမလ၊ ဆန်ဟိုဆေးမြို့ တထာဂတတရားရိပ်သာမှ ဦးကဝိန္ဒ၊ မြန်မာပြည်ကနေ ခေတ္တကြွရောက်နေတဲ့ တောင်ကုတ်ဆရာတော်ကြီး ဦးသူရိယ(နိုင်ငံတော်သံဃမဟာနာယက)၊ ပဋ္ဌာသမဏဖြစ်တဲ့ အရှင်သုမန၊ အော်ရီဂင်ပြည်နယ် ပေါ့တလန်မြို့မှာသီတင်းသုံးတဲ့ ဦးသီရိန္ဒ၊ မေတ္တာနန္ဒကျောင်း ဆရာတော် ဒေါက်တာဓမ္မပီယနှင့် စာရေးသူတို့ကြွရောက်ပါတယ်။

စစ်ကိုင်းစိမ်းစိမ်းက သူ့ဘဝအတွေ့အကြုံလေးတွေကို အခြေခံပြီး ဝတ္ထုတိုလေးတွေ၊ ဆောင်းပါးလေးတွေကို အခါအား လျော်စွာရေးပြီး မြန်မာပြည်က မဂ္ဂဇင်းဂျာနယ်များမှာ ထည့်တတ်ပါတယ်။ မဂ္ဂဇင်းဂျာနယ်များမှာဖော်ပြပြီးတဲ့ သူ့ရဲ့ ဝတ္ထုတိုလေးတွေ၊ ဆောင်းပါးလေးတွေကိုစုပေါင်းပြီး လုံးချင်းစာအုပ်နှစ်အုပ် ထုတ်ဝေပြီးပါပြီ။ ပထမတစ်အုပ်က ‘ရေ မြေခြားပေမယ့် စိတ်ထားက မြန်မာ’ဆိုတဲ့နာမည်နဲ့၊ နောက်တစ်အုပ်ကတော့ ‘သစ္စာသည်သာ အလှတရား’တဲ့။

စာအုပ်နာမည်ကို ဖတ်လိုက်တာနဲ့ အမိမြေကို လွမ်းတမ်းစိတ်နဲ့ ဖြေသိမ့်နားခိုရာ ရှာနေသူတစ်ဦးရဲ့ ထူးခြားတဲ့ အတွေ့အကြုံလေးတွေကို ရေးသားထားတာဖြစ်လိမ့်မယ်ဆိုတာ မှန်းဆနိုင်မှာပါ။ ဖတ်ဖြစ်တော့လည်း ခင်ပွန်းအပေါ် ထားတဲ့ ဇနီးမယားတစ်ဦးရဲ့ ထူးခြားလေးစားကြင်နာမှုတွေ တွေ့ရသလို၊ သားသမီးတွေအပေါ်ထားရှိတဲ့ မိခင်တစ်ဦးရဲ့ ပီပြင်တဲ့ မေတ္တာသံစဉ်တွေကိုလည်း မြင်နိုင်ပါတယ်။ မိတ်ဆွေသူငယ်ချင်းတွေအပေါ်မြင်တဲ့အမြင်၊ အိမ်နီးနားချင်းတွေ အပေါ်ထားတဲ့ သူ့ရဲ့သဘောထားစတဲ့ လေးစားစရာ တော်တော်များများကို ဖတ်ရှုနိုင်မှာပါ။ အထူးသဖြင့် ဘာသာ သာသနာအပေါ်ထားရှိတဲ့ သူ့ရဲ့ သူမတူတဲ့ ယုံကြည်မှုနဲ့အမြင်ကတော့ ဘာသာရေးသမားတစ်ဦးဖြစ်တဲ့ စာရေးသူ အဖို့ ထူးထူးခြားခြား အမှတ်ပြုမိရတဲ့အရာပဲဖြစ်ပါတယ်။

ဒီနေ့ပြုလုပ်တဲ့ စစ်ကိုင်းစိမ်းစိမ်းရဲ့ အလှူဒါနက တစ်ကြိမ်တစ်ခါမှ မတွေ့ခဲ့ မကြားခဲ့ဘူးတဲ့ ထူးခြားတဲ့အလှူဒါန တစ်ခုပါ။ စစ်ကိုင်းစိမ်းစိမ်းက သူ့ရဲ့ထုတ်ဝေပြီး စာအုပ်နှစ်အုပ်ကို အမေရိကန်ရှိ လက်လှမ်းမီရာ ဘုန်းတော်ကြီးကျောင်း များဆီကို ပို့ပေးထားခဲ့ပါတယ်။ အဲဒီစာအုပ်တွေကို ဖတ်ရှုလိုသူများရှိက စာတစ်အုပ်ကို ဒေါ်လာ(၁၀) ဆယ်နဲ့ ဝယ် ယူဖတ်စေပါတယ်။ ရလာတဲ့ရောင်းရငွေကိုတော့ ကျောင်းအသီးသီးရှိ ဂေါပကအဖွဲ့က ထိန်းသိမ်းထားပြီး အကယ်၍

စာအုပ် (၂၀) ရောင်းရလျှင် ရောင်းရငွေ ဒေါ်လာ (၂၀၀) အပေါ်မှာ ဒေါ်လာ (၈၀၀) ထပ်ဆောင်းကာ ဘုန်းတော်ကြီးကျောင်းကို ဒေါ်လာ (၁၀၀၀) လှူဒါန်းပါတယ်။ အကယ်၍ တစ်အုပ်မျှ မရောင်းရလျှင်လည်း သူကပဲဒေါ်လာတစ်ထောင်လုံးကို စိုက်ထုတ်လှူဒါန်းပါတယ်။ ဒီနေ့မှာ ဖေးရီယာရှိ ဘုန်းတော်ကြီးကျောင်း (၆) ကျောင်းကို ဒေါ်လာတစ်ထောင်စီ၊ ကျောင်းထိုင်ဆရာတော်များကို တစ်ပါးလျှင် ဒေါ်လာ (၁၀၀) စီနဲ့ စာရေးသူတို့လို အရန်ပင့်သံဃာများကိုလည်း (၃၀) ဒေါ်လာစီ အသီးသီး လှူဒါန်းပါတယ်။ (**စကားချပ်**–စာရေးသူကိုတော့ အထူးအနေနဲ့ စာအိတ်နှစ်အိတ်လှူဒါန်းလို့ ဒေါ်လာ (၆၀) အလှူခံရရှိပါတယ်။ ဒီနေ့အခမ်းအနားကို စာတစ်ပုဒ်ရေးပါမယ်လို့ပြောထားလို့ စာမူခအဖြစ် ဒေါ်လာ (၃၀) ကြိုပြီး ပေးထားသလား (ဒါမှမဟုတ်) အကြိုအနေနဲ့ စရန်အနေ ခုလိုနည်းနည်းပေးထားသလားဆိုတာကိုတော့ စစ်ကိုင်းစိမ်းစိမ်းတစ်ယောက်သာလျှင် အမှန်အတိုင်း သိပါလိမ့်မယ်။)

သူ့ရဲ့အလှူဒါနပွဲမှာ ဆရာတော်သံဃာတော်များကိုလည်း ဩဝါဒမိန့်ကြားပေးဖို့ လျှောက်ကြားပါတယ်။ ဒီဩဝါဒများကိုတော့ သူရေးသားနေတဲ့ 'တို့သာသနာ' ဆောင်းပါးစဉ်မှာ ထည့်သွင်းအသုံးပြုသွားမယ်လို့ ဆိုပါတယ်။ အခြားဆရာတော်များပေးကြတဲ့ ဩဝါဒအားလုံးကိုတော့ လုံးစေ့ပတ်စေ့ မမှတ်မိသလို စစ်ကိုင်းစိမ်းစိမ်းကိုယ်တိုင်ရေးသားမယ့် တို့သာသနာဆောင်းပါးစဉ်မှာ ပြည့်ပြည့်စုံစုံပါဝင်မှာမို့ ဒီနေရာမှာ မဖော်ပြတော့ပါဘူး။ ကျောင်းထိုင်ဆရာတော်များကိုသာ ဩဝါဒပေးဖို့ စီစဉ်ထားပေမယ့် အသံဖမ်းစက်ကို ရှေ့ယူလာပြီး စာရေးဆရာဉာဏ်ဦးမောင်လည်း ဩဝါဒချီးမြှင့်ပါဦးလို့ အလိုက်ကန်းဆိုးမသိ အတင်းဩဝါဒပေးခိုင်းတဲ့ ပေ့ါတလန် သီရိမင်္ဂလာဆရာတော် အရှင်သီရိန္ဒကြောင့် ပြောဖြစ်ခဲ့ရတဲ့ (စိန်ကောင်းကျောက်ကောင်းရောင်းဝယ်ရာမှာ ဆေးရိုးသည်က ကန့်လန့်ဖြစ်နေမယ့်) စာရေးသူရဲ့ စကားကိုပဲ ပြန်ပြီးပြောပါရစေ။

"စာရေးသူတွေဆိုတာ အများတကာတွေ မမြင်တဲ့အမြင်ကို မြင်တတ်ပြီး အခြားသူများ မတွေးတဲ့ အတွေးကိုတွေးတတ်ပါတယ်။ အဲဒီလို မတူတဲ့အတွေးအမြင်မျိုးရှိမှသာလဲ ဆန်းသစ်တဲ့အတွေးအမြင်မျိုး ဖြစ်နိုင်မှာပါ။ သမားရိုးကျသူများလိုတွေး သူများလိုပဲမြင်မယ်ဆိုလျှင်တော့ ဒီလိုစာရေးဆရာမျိုးရဲ့ အတွေးအမြင်မျိုးဟာ သာမန်သူတွေနဲ့ ဘာမှထူးခြားမယ် မဟုတ်ပါဘူး။ ဒါကြောင့်စာရေးသူဆိုတာ အခြားသူများနဲ့ မတူတဲ့အတွေးအမြင်မျိုး ရှိတတ်ပါတယ်။ ဒီနေ့စာရေးဆရာမကြီး စစ်ကိုင်းစိမ်းစိမ်းရဲ့ ထူးခြားတဲ့အလှူဟာ ဒီလိုအခြားသူများနဲ့ မတူထူးခြားတဲ့ အမြင်အပေါ်မှာ အခြေခံပြီး ပြုလုပ်တဲ့အလှူပွဲလို့ ဦးဇင်းတော့ထင်မိပါတယ်။

သူ့ရဲ့စာတွေကိုဖတ်ရတဲ့အခါ အမေရိကန်နိုင်ငံမှာ သာသနာပြုလုပ်ငန်းလုပ်နေကြတဲ့ ရဟန်းသံဃာများရဲ့ဘဝကို နားလည်စွာတင်ပြထားတာကို တွေ့ရပါတယ်။ ဒီအမေရိကန်နိုင်ငံရှိ ရဟန်းသံဃာတော်အများစုဟာ မြန်မာပြည်ကလူတွေထင်သလို တိုက်တာကြီးတွေ ခမ်းခမ်းနားနားနဲ့ နေရတာမဟုတ်ကြောင်း၊ သာမန်လူနေအိမ်မျိုးကိုပဲ ကျောင်းအဖြစ်ဖန်တီးနေထိုင်ကြရတာဖြစ်ကြောင်း၊ နောက်ပြီးတပည့်တပမ်းတွေနဲ့ သိုက်သိုက်ဝန်းဝန်း၊ စတိုင်ကျကျ ဇိမ်ကျကျနေကြရတာ မဟုတ်ကြောင်း၊ တချို့များဆို ကိုယ့်ဆွမ်းကိုချက်၊ ကိုယ့်ခြံထဲကမြက် ကိုယ်တိုင်ရှင်း ၊ အစစ အရာရာကိုယ်တိုင်ပဲ လုပ်ကြရတာဖြစ်ကြောင်း စသဖြင့် အမေရိကန်နေရဟန်းတော်များရဲ့ဘဝမှန်ကို ဖော်ပြတာမျိုး တွေ့ရပါတယ်။ 'ဆွမ်းကပ်သူလာလျှင် ဆရာတော်၊ ကပ်သူမလာလျှင် ကပ္ပိယ' လုပ်နေရတဲ့ စာရေးသူရဲ့ လက်ရှိဘဝနဲ့ သူ့စာနဲ့ကတော့ ဟပ်မိနေပါတယ်။

အမေရိကန်နေရဟန်းတော်များရဲ့ဘဝကို နားလည်တာကြောင့်လည်း ခုလိုအမေရိကရှိဘုန်းတော်ကြီးကျောင်းများကို သူတတ်နိုင်သမျှ သူ့ရဲ့စင်စင်ကြယ်ကြယ်ကြိုးစားအားထုတ်မှုနဲ့ ရလာတဲ့လုပ်အားခထဲကနေပြီး ခုလိုလှူဒါန်းခြင်းဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ဦးဇင်းတို့ ဒီမေတ္တာနန္ဒဝိဟာရကျောင်းကို မြန်မာပြည်ကနေ ကြွရောက်လာတဲ့ဆရာတော်တွေ ကိုးဆယ်ရာနှုန်းလောက်နီးပါး ရောက်ဖူးပါတယ်။ နာမည်ကြီးဆရာတော်အားလုံးနီးပါးလည်း ဒီမေတ္တာနန္ဒမှာ တရားဟောဖူးကြပါတယ်။ ဒီအထဲမှာ နာမည်ကြီးဆရာတော်တစ်ပါး ဒီကိုကြွရောက်ပြီး ခေတ္တသီတင်းသုံးစဉ်က အမေရိကန်မှာရှိတဲ့ ဆရာတော်ရဲ့တပည့်တစ်ဦးက လျှောက်ထားတာကို ဦးဇင်းကိုယ်တိုင် ကြားခဲ့ဘူးပါတယ်။

ဒကာက ဒီအမေရိကရှိကျောင်းများကတော့ ပြည့်စုံကြပါတယ်။ ဘာမှလိုလေသေးမရှိပါဘူး။ မြန်မာပြည်ကကျောင်းများကတော့ ဆင်းရဲကြတယ်။ ဒါကြောင့် တပည့်တော်ကတော့ ဒီကဘုန်းကြီးကျောင်းတွေကို လုံးဝမလှူဘူး။ မြန်မာပြည်ကကျောင်းတွေကိုပဲ လှူတယ်လို့ လျှောက်ထားပါတယ်။ ဆရာတော်ကလည်း အဲဒါကောင်းပါတယ်လို့ ပြန်လည်မိန့်ပါတယ်။ ဆရာတော်သဘောကျအောင် ဒီစကားကိုလျှောက်ထားတာလား၊ သူ့ရဲ့သဘောထားအမှန်ပဲလားဆိုတာတော့ မသိပါဘူး။ သူလျှောက်ထားတဲ့ဆရာတော်ကြီးရဲ့ကျောင်းဟာ သူပြောသလိုဆင်းရဲတဲ့ကျောင်းထဲမှာမပါတာတော့ သေချာပါတယ်။ သို့ပေမယ့် ဒကာကတော့ ကျောင်းဆောင်သစ်ဆောက်လုပ်ရာမှာ ကုသိုလ်ပါဝင်တဲ့အနေနဲ့ ထောင်ဂဏန်းချီတဲ့အလှူငွေကို ရေစက်ချကာ ဆရာတော်ကို လှူဒါန်းပါတယ်။ ဒီလိုဆိုတော့ သူပြောသလို မြန်မာပြည်ကကျောင်းတွေ ဆင်းရကြတယ်၊ ဒါကြောင့်သူက မြန်မာပြည်ကကျောင်းတွေကိုပဲလှူတယ်ဆိုတာ ဘယ်လိုဆင်းရဲတဲ့ကျောင်းမျိုးကိုဆိုလိုတာလည်းလို့ အတွေးဖြစ်မိပါတယ်။

ဒီကကျောင်းတွေကို မလှူဘူးဆိုတဲ့ စကားကို တစ်ကြိမ်သာလျှောက်ထားတာ မဟုတ်ပါဘူး။ ဦးဇင်းနားနဲ့ကို သုံးကြိမ်တိတိ ကြားခဲ့တာပါ။ ပထမ နှစ်ကြိမ်ကြားရစဉ်ကတော့ ဘာမှဝင်မပြောခဲ့ပါဘူး။ တခုခုဝင်ပြောသင့်တယ်လို့လည်း မထင်ခဲ့ပါဘူး။ သို့ပေမယ့် တတိယအကြိမ်ကြားရတဲ့အခါမှာတော့ မပြောပဲမနေနိုင်အောင်ဖြစ်ခဲ့လို့ ခုလိုဝင်ပြောခဲ့ပါတယ်။ ဒကာကြီး ဒကာကြီးပြောသလို မြန်မာပြည်ကကျောင်းတွေဆင်းရဲကြတယ်ဆိုတာ ဟုတ်ပါတယ်။ ဒကာကြီးရဲ့ဆန္ဒအတိုင်း မြန်မာပြည်ကကျောင်းတွေကိုလှူဒါန်းတယ်ဆိုတာလည်း ကောင်းပါတယ်။ ဦးဇင်းတို့ကိုယ်တိုင်လည်းပဲကိုယ်တတ်နိုင်သမျှထဲကဖဲ့ပြီး မြန်မာပြည်က ကိုယ့်ရဲ့ဆရာသမားတွေ၊ မိတ်ဆွေသူငယ်ချင်းတွေနဲ့ လိုအပ်မယ်ထင်တဲ့နေရာတွေကို လှူဒါန်းနေလျက်ပါ။သို့ပေမယ့် ဒကာကြီးပြောသလို ဒီကကျောင်းတွေက အစစအရာရာ ပြည့်စုံကြတယ်ဆိုတာကတော့ မဟုတ်ပါဘူး။ ဒီကကျောင်းအများစုဟာ ဒကာကြီးတို့အိမ်တွေမှာလိုပဲ အကြွေးနဲ့ဝယ်ထားရတာမို့ လစဉ်ပေးစရာတွေ ရှိကြပါတယ်။ နောက်ပြီး ဒကာကြီးတို့အိမ်များမှာလိုပဲ အခြားကုန်ကျစရိတ်တွေလည်း အသီးသီးရှိကြပါတယ်။ ဒီအသုံးစရိတ်တွေကို ဒီကဒကာတွေက မလှူဒါန်းလျင် ဘယ်သူကလာပြီးလှူဒါန်းမလဲ။

နောက်ပြီး ခုဒကာကြီးလာရောက်ဖူးမျှော်နေတဲ့ဆရာတော်ကြီး ဒီကျောင်းမှာ ကြွရောက်ပြီး ခုလိုချမ်းချမ်းသာသာသီတင်းသုံးနေနိုင်တာ၊ ဒကာကြီးလည်း ခုလိုလာရောက်ဖူးမျှော်နိုင်ခွင့်ရနေတာ၊ ဒီကျောင်းတွေရှိနေလို့၊ ဒီကျောင်းမှာသီတင်းသုံးနေတဲ့ သံဃာတော်တွေရှိနေလို့ပေါ့။ နို့မဟုတ်လျင် ဒီဆရာတော်ကြီးလည်း ခုလိုလွယ်လွယ်ကူကူဘယ်ကြွလာနိုင်လိမ့်မလဲ။ ခုလိုတရားဓမ္မတွေလည်း ဘယ်လိုလုပ်ဟောပြောနိုင် ၊ ပြသနိုင်ပါ့မလဲ။ နောက်ပြီး ဒီမှာရှိနေကြတဲ့ကိုယ့်လူမျိုးဗုဒ္ဓဘာသာဝင်တွေ ဘုရားကျောင်းကန်သွားပြီး ကုသိုလ်ကောင်းမှုတွေ ပြုလုပ်နိုင်တာ၊ သူတို့ရဲ့မျိုးဆက်လူငယ်လူရွယ်တွေ ဘာသာရေးအဆုံးအမတွေနဲ့ ထိတွေ့ခွင့်ရနေတာ။ တရားဘာဝနာရှုမှတ်လိုသူတွေလည်း ရှုမှတ်ပွားများနိုင်ခွင့်ရနေကြတာဟာ ဒီကျောင်းတွေ ဒီရဟန်းတွေရှိနေလို့ပေါ့။ ဒကာကြီးလိုပဲ အခြားသူတွေအားလုံးကလည်း ဒီကကျောင်းတွေကပြည့်စုံနေတယ်လို့ယူဆတဲ့အတွက် ဘယ်သူမှ မထောက်ပံ့ကြတော့ဘူးဆိုလျင် ဒီကျောင်းတွေ ဒီရဟန်းတွေ ဘယ်လိုလုပ် ဆက်လက်ရပ်တည်နေနိုင်မလဲ။ ဒါကြောင့် ဘာကိုပဲစဉ်းစားစဉ်းစား နှိုင်းနှိုင်းချိန်ချိန်ရှိဖို့တော့ လိုပေလိမ့်မယ်။ အစွန်းရောက်တဲ့တွေးခေါ်မြော်မြင်မှုမျိုးဟာ ကုသိုလ်ပြုရာမှာပင် ဖြစ်စေဦးတော့၊ ဆိုးကျိုးဖက်ဆီကို ဦးတည်လို့သွားတတ်ပါတယ်လို့ ပြောဖြစ်ခဲ့တယ်။ ဒကာလည်း သဘောကျတယ် မကျတယ်တော့ မသိဘူး။ အဲဒီနောက်မှာ ‘တပည့်တော်တော့ ဒီကကျောင်းတွေကို မလှူဘူး’ဆိုတဲ့စကားကိုတော့ ဦးဇင်းရှေ့မှာပြောတာလုံးဝမကြားရတော့ပါဘူး။

ဒီကဒကာမကြီး ဒေါ်စုဇန်သိန်းကတော့ ခုပြောခဲ့တဲ့ဒကာနဲ့ အမြင်ခြားနားစွာပဲ ဒီအမေရိကရှိကျောင်းတွေကို ခုလိုကိုယ်တတ်နိုင်သမျှထဲကနေ အလှည့်ကျလှူဒါန်းသွားမယ်လို့ဆိုပြီး လှူဒါန်းနေတာ ကျောင်းပေါင်း (၁၅) ကျောင်းကျော်ကျော်ရှိပြီ။ လိုအပ်နေတဲ့နေရာမှာ လိုအပ်ချက်ကိုဖြည့်ဆည်းပေးခြင်းဟာ မှန်မြတ်တဲ့လုပ်ငန်းဖြစ်တယ်။ နောက်ပြီးဒကာမကြီးက တစ်ကျောင်းတစ်ထောင်စီ ခုလိုပဲလွယ်လွယ်လှူလိုက်လျင်ဖြစ်ပါလျက်ကယ်နဲ့ လွယ်လွယ်ပဲ မလှူလိုက်ပဲ ကိုယ့်ရဲ့အတွေ့အကြုံလေးတွေကို စာရေးသားကာ အများသူငါတွေကိုလည်း ဖတ်စေချင် သိစေချင်တဲ့ စေတနာလည်း ပါဝင်နေတယ်။ ငွေကြေးဒါနပါမက ပညာဒါနပါ ပေါင်းစပ်ထားတဲ့ မြတ်သောအလှူလို့ ဆိုနိုင်ပါတယ်။ ခုလို

မြင့်မြတ်စဉ်ကြယ်တဲ့အလှူမျိုးကို ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ နောင်နှစ်ပေါင်းကြာရှည်စွာ ပြုလုပ်သွားနိုင်ပါစေကြောင်း ဆုတောင်းရင်း ဦးဇင်းများရဲ့ ဩဝါဒစကားကို နိဂုမ်းချုပ်ပါတယ်”လို့ ပြောဖြစ်ခဲ့တယ်။

ဒကာမကြီး ဒေါ်စုဇန်သိန်းရဲ့အမြင်ဟာ အထက်ကပြောခဲ့တဲ့ဒကာတစ်ဦးရဲ့ အမြင်နဲ့တော့ မတူပါဘူး။ အမြင်မတူတော့လည်း တွေးခေါ်ပုံခြင်း မတူနိုင်ဘူးပေါ့။ တွေးခေါ်ပုံမတူတော့ လုပ်ပုံကိုင်ပုံလည်း ဘယ်လာတူနိုင်မှာလဲ။ လုပ်ပုံကိုင်ပုံကွဲပြားမှတော့ ရလဒ်ခြင်းလည်း ထပ်တူဘယ်ဖြစ်ပါ့မလဲ။ ဘယ်သူ မှန်တယ်၊ ဘယ်သူမှားတယ်ဆိုတာကတော့ ဘယ်လိုသဘောထားတယ်ဆိုတာအပေါ်မှာပဲ မူတည်မယ်ထင်ပါတယ်။ ဘယ်လိုပဲအမြင်တွေ ကွဲနေပါစေ။ ရင်ထဲက စေတနာကတော့ မကွဲပြားပဲ တစ်ခုတည်းသာဖြစ်ဖို့ လိုပါတယ်။ တစ်ခုတည်းဆိုတာကလည်း မှန်ကန်တဲ့ တစ်ခုသာဖြစ်ဖို့ လိုပါလိမ့်မယ်။ စေတနာဟာ အလှူဒါနတစ်ခုရဲ့ နှစ်လုံးသည်းပွတ်ပဲ မဟုတ်လား။

မြန်မာပြည်ကိုလည်း နှစ်စဉ်နှစ်တိုင်းပြန်ကာ အလှူဒါနတွေပြုလုပ်နေ ၊ ဒီအမေရိကရှိ ကျောင်းတွေဆီသို့လည်း ခုလိုကိုယ်တိုင်သွားရောက်ကာ အလှူဒါနတွေပြုလုပ်နေတဲ့ ဒကာမကြီး ဒေါ်စုဇန်သိန်း (စစ်ကိုင်းစိမ်းစိမ်း) လိုပဲ အခြားသူတွေလည်း မျှမျှတတ မြင်တတ်ပါစေ ၊ အစွန်းရောက်တဲ့အတွေးမျိုးကို အခြေခံတဲ့ကုသိုလ်ပြုလုပ်မှုမျိုးကို ရှောင်ရှားနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ချင်ပါတယ်။ ဒါကလည်း တကယ့်ကို သန့်စင်တဲ့ စေတနာမွန်နဲ့ပါ။ ။

မေတ္တာဖြင့်
အရှင်ဉာဏိက